အထိပ် သာသနာတော်ကို ကလေးကစားသလို မပြုကြဘို့ အကြောင်း ထပ်လောင်း၍ သတိပေးပါသည်။

## ဆယ်ပါးသီလနှင့်စပ်၍ မှတ်ဘွယ်

**ဝေရမဏိတွင် ထားရပုံ။** ။သရဏဂုံယူပြီး၍ ရှင်သာမဏေ ဖြစ်လျှင် သိက္ခာပုဒ်ဆယ်ပါးကို အထူးဆောက်တည်ဘွယ် မလို၊ အလိုလိုဆောက်တည်ပြီး ဖြစ်တော့၏၊ ဥပမာ—သိမ်အတွင်း၌ ရဟန်းဖြစ်လျှင်ဖြစ်ခြင်း ဝိနည်း သိက္ခာပုဒ်တော်အားလုံး အထူး မဆောက်တည်ရဘဲ အလိုလိုဆောက်တည်ပြီး ဖြစ်နေသကဲ့သို့တည်း၊ ထို့ကြောင့် ဤ ရှင်သာမဏေပြုပေးခဏ်းဝယ် ပါဠိတော်အဋ္ဌကထာများ၌ "သိက္ခာပဒံ သမာဒိယာမိ"ဆိုသော (သိက္ခာပုဒ်ဆောက်တည်ပုံပြ) စကားကို မသုံးစွဲဘဲ "ပါဏာတိပါတာ ဝေရမဏိ" တိုင်ရှိသာ အသုံးပြုလေသည်။

**အဋ္ဌကထာ။** ။တွော ဝတာ ဟိ သာမဏေရဘူမိယံ ပတိဋ္ဌိ- တော ဟောတိ၊ သစေ ပန ဂတိမာ ဟောတိ ပဏ္ဍိတဇာတိကော၊ အထဿ တသ္မိံယေဝ ဌာနေ သိက္ခာပဒါနိ ဥဒ္ဒိသိတဗ္ဗာနိ=သရဏဂုံ ယူပြီးချိန်တိုင်အောင် ဤမျှလောက် ဖြင့် ရှင်သာမဏေအရာ၌ တည်ပြီးဖြစ်တော့၏၊ အကယ်၍ ထိုသာမဏေသစ်သည် ဉာဏ်ထက်သူဖြစ်လျှင် ထိုသူ့အား ထိုသရဏဂုံယူရာ အရပ်၌ပင် သိက္ခာပုဒ်တို့ကို (ဆရာက)ရွတ် ပြထိုက်ကုန်၏၊ (သိက္ခာပုဒ်တို့ကို ရွတ်ပြ၍ ရအောင်ချပေး ရမည်-ဟူလို)။ [ဝိနည်းမဟာဝါ ပဗ္ဗဇ္ဇက္ခန္ဓက။]